Press Release 7/ 2007 (88) from
**The 88 Generation Students**
< 88generation@gmail.com >
April 5, 2007

# Announcement of the 88 Generation Student On oppression against economic and social equalities Of political activists

Date: 5th April 2007
Ref: 7/ 2007 (88)

The Tatmadaw government has taken power since 1988 promising to practice market-oriented economy and multi-party democracy. It swore to build in democracy step by step.

Every citizen should, therefore, have the right to participate in the development of free-market economy and democracy.

In reality, however, those who are trying to achieve democracy are marginalized from others as political activists, and have consequently become victims of oppression against the free practice of their economic and social rights.

Those who belong to political parties which have been founded in accordance with the principle of multi-party democracy, those who are democracy and human rights activists, and those who belong to NGOs are deprived of freely exercising their businesses, and professional licensing. Or even worse, business registration of some activists is terminated in excuse of their involvement in politics. This means only those who have no involvement in politics can take advantage of those business opportunities. This shows the Tatmadaw government is breaking its own promises.

This is the violation of the rights of a citizen, and the violation of the international human rights charter that the Union of Myanmar has agreed to exercise.

We believe the Tatmadaw government should help and support all the citizens with equal rights and opportunities in their business and social functions with no regard to their political beliefs. Hence, we the 88 Generation Students, urge to terminate any form of oppression against the right to participate in the political and economic development of our nation in the future.

The 88 Generation Students

## နိုင်ငံရေးလှုပ်ရှားသူများအပေါ် စီးပွားရေး၊ လူမှုရေးအရ မတရားခွဲခြားဖိနှိပ်နေမှုများနှင့်ပတ်သက်၍ ၈၈မျိုးဆက်ကျောင်းသားများ၏ သဘောထားကြေငြာချက်။

နေ့စွဲ။ ။ ၅၊ ဧပြီ၊ ၂၀၀၇
စာအမှတ်။ ။ ၇ / ၂၀၀၇ (၈၈)

မြန်မာနိုင်ငံတွင် ဈေးကွက်စီးပွားရေးစနစ်နှင့် ပါတီစုံဒီမိုကရေစီစနစ်ကို လက်ခံကျင့်သုံးမည်ဟူသောကတိဖြင့် တပ်မတော်အစိုးရသည် ၁၉၈၈ ခုနှစ်မှစ၍ နိုင်ငံတော်အာဏာကို သိမ်းပိုက်ရယူခဲ့သည်။ ဒီမိုကရေစီအဆင့်ဆင့် ကူးပြောင်းထူထောင်မည်ဟု တိုင်းပြည်အား ကတိပြုပြောဆိုခဲ့သည်၊

ထိုကြောင့် မြန်မာနိုင်ငံတွင် လွတ်လပ်သောဈေးကွက်စီးပွားရေးနှင့် ဒီမိုကရေစီထူထောင်ရေးတွင် နိုင်ငံသားတိုင်း ပါဝင်လုပ်ဆောင်နိုင်ခွင့် ရှိရမည်ဖြစ်သည်။

သို့သော် လက်တွေ့ဘဝများတွင် ဒီမိုကရေစီထူထောင်ရေးအတွက်ကြိုးပမ်းနေသူများအား“နိုင်ငံရေးနှင့် ပတ်သက်သူများ” အဖြစ် သီးခြားခွဲခြား၍ လူမှုရေး၊ စီးပွားရေးများတွင် ပါဝင်မှုမှအစ ကန့်သတ်ခွဲခြားဖိနှိပ်မှုများရှိနေသည်။

ပါတီစုံစနစ်အရ နိုင်ငံရေးပါတီများတွင် ပါဝင်သူများ၊ ဒီမိုကရေစီနှင့် လူ့အခွင့်အရေး ပါဝင်ဆောင်ရွက်နေသူများ၊ လူမှုကူညီရေးအသင်းအဖွဲ့ ( **NGO** ) များတွင် ပါဝင်လုပ်ဆောင်နေသူများအား၊ နိုင်ငံရေးကင်းရှင်းရမည်ဟူသော ကန့်သတ်ချက်ဖြင့် စီးပွားရေးလုပ်ငန်းများအားပိတ်ပင်ခြင်း၊ အသက်မွေးဝမ်းကြောင်းလုပ်ငန်း မှတ်ပုံတင်ခွင့်များ ပိတ်ပင်ခြင်း၊ ဖျက်သိမ်းခြင်း၊ စသည့်ခွဲခြားဖိနှိပ်ခြင်းများသည်၊ တပ်မတော်အစိုးရ၏ ကတိကဝတ်ကို ချိုးဖောက်ရာ ကျနေသည်။

ယင်းအခြေအနေသည် နိုင်ငံသားတစ်ယောက်၏ ရသင့်ရထိုက်သော အခွင့်အရေးအား ချိုးဖောက်ခြင်းဖြစ်သကဲ့သို့ မြန်မာအစိုးရ ပူးပေါင်းပါဝင် လက်မှတ်ရေးထိုးထားသည့် အပြည်ပြည်ဆိုင်ရာ လူ့အခွင့်အရေးကြေငြာစာတန်းပါ အချက်များအား ချိုးဖောက်ခြင်းဖြစ်သည်။

မြန်မာနိုင်ငံသားတိုင်းသည် စီးပွားရေး၊ လူမှုရေး၊ လုပ်ဆောင်မှုမှန်သမျှတွင်၊ နိုင်ငံရေးယုံကြည်ချက်မည်သို့ပင်ရှိစေ၊ တူညီသောအခွင့်အရေး၊ တူညီသောရပိုင်ခွင့်များ၊ ရှိရမည်ဖြစ်သည့်အတွက် တပ်မတော်အစိုးရမှ ဖြည့်ဆည်းဆောင်ရွက်ပေးသင့်သည်ဟု၊ ကျွန်ုပ်တို့ယုံကြည်သည်။ နိုင်ငံ၏ အနာဂတ် နိုင်ငံရေး၊ စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုအတွက် နိုင်ငံသားတိုင်းပါဝင်ဆောင်ရွက်ခွင့်အား ခွဲခြားဖိနှိပ်မှုများ မရှိရန် ကျွန်ုပ်တို့ ၈၈မျိုးဆက်ကျောင်းသားများမှ တိုက်တွန်းသည်။

**၈၈မျိုးဆက်ကျောင်းသားများ**